# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၃ ရက်၊

(၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၄) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၃ ရက်၊

(၅) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၉ ရက်၊

(၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

မူကြမ်း

(၇) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၈) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၉) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၀) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၃ ရက်၊

(၁၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၁၂) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၃ ရက်နှင့်

(၁၃) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ပြည်ပမှ ခိုးသွင်းလာသည့် (၈)ပေ စလောင်း၊ JPM ခေါ် လိမ္မော်ရောင်ဗန်း၊ PSI ခေါ်အမဲရောင်ဗန်း စသည်ဖြင့် တရားမဝင်ဂြိုလ်တုစလောင်းများနှင့်ပတ်သက်၍ မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ဆက်သွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းချက်သည် နောက်ပိုင်းမှာလည်း ကျွန်တော်တို့ နိုင်ငံတစ်ဝန်းလုံးမှာ ပြည်ပကတင်သွင်းလာတဲ့ (၈)ပေ စလောင်း လိမ္မော်ရောင်၊ နောက် အမဲရောင်ဗန်းစတဲ့ ဂြိုလ်တုစလောင်းများ အများအပြားတပ်ဆင်ထားတာတွေ့ရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဒီဥပဒေအရပြောမယ်ဆိုရင် ကျွန်တော်တို့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၄ မှာ ဆက်သွယ်ရေးနည်းပညာအထောက်အကူပြုဖို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားပေမယ့် တစ်ကြိမ်ထဲမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူတွေနဲ့ အသုံးပြုတွေကို ဥပဒေနှင့်အညီ ကာကွယ်ပေးဖို့လိုအပ်ပါတယ်။ အဲဒီလိုအပ်ချက်များနှင့်အညီ ကျွန်တော်တို့ ဒီနေ့ လေ့လာကြည့်တဲ့အခါမှာ SKY NET လိုရုပ်သံလိုင်းတွေက ရင်းနှီးမြှုပ်နှံမှုအများကြီးလုပ်ထားပေမယ့် အခုနိုင်ငံခြားက စလောင်းတင်သွင်းတဲ့ ပုဂ္ဂိုလ်များက တရားမဝင်လမ်းကြောင်းက တင်သွင်းတဲ့အတွက် အခွန်အကောက်စီးပွားရေးထိခိုက်ပါတယ်။ ဒီထက်အရေးကြီးတာကတော့ အဲဒီလိုင်းတွေမှာ ဒီနေ့ နိုင်ငံတကာ အကြမ်းဖက်ဝါဒအစွန်းရောက်အယူအဆတွေကို အားပေးတဲ့ ဘာသာရေးဆိုင်ရာတင်ပြချက်များကလည်း စလောင်းထဲမှာ တော်တော်များများပါဝင်ကြောင်းကြားသိရပါတယ်။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ (က) ဥပဒေမဲ့ခိုးသွင်းလာသည့် စလောင်းများအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်နည်း။ (ခ) အဆိုပါ ခိုးသွင်းစလောင်းများကြောင့် ဥပဒေနှင့်အညီ တည်ထောင်လုပ်ကိုင်မှုများကို ထိခိုက်စေနိုင်၍ မည်ကဲ့သို့ကာကွယ်ပေးမည်နည်း။ (ဂ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အများပြည်သူလုံခြုံရေးအတွက် မည်ကဲ့သို့ကြိုးကြပ်ဆောင်ရွက်သွားပါမည်နည်းဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံစတဲ့ အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၂၆၃၁.၇၄၇ မိုင် ထိစပ်လျက်ရှိပါတယ်။ အဆိုပါအိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေး များမှတစ်ဆင့် အပြန်အလှန်နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်သလို ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့်လည်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိတယ်။

ဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းနှင့်ပတ်သက်၍ ဆက်သွယ်ရေးမူဝါဒဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီကို တင်ပြခွင့်ပြုချက်ရရှိပြီးမှသာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ထောက်ခံချက်ထုတ်ပေးသော ဆက်သွယ်ရေးစက်ပစ္စည်းများစာရင်းတွင် ဂြိုလ်တုရုပ်မြင်သံကြားဖမ်း စက်နှင့်ဆက်စပ်ပစ္စည်းများပါဝင်တဲ့အတွက် ထိုင်းနိုင်ငံမှ ထုတ်လုပ်တဲ့ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက် များဖြစ်တဲ့ (၈)ပေစလောင်း၊ JPM ခေါ် လိမ္မော်ရောင်ဗန်း၊ PSI ခေါ် အမည်းရောင်ဗန်းတို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား၍ တင်သွင်းဝယ်ယူနိုင်ကြောင်းသိရှိရပါတယ်။ အလားတူ ရှမ်းပြည်နယ်၊ တာချီလိတ် နယ်စပ် အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် ထိုင်းနိုင်ငံဘက်မှ တင်သွင်းလာသော ဂြိုလ်တုရုပ်မြင် သံကြားဖမ်းစက်များဖြစ်သည့် (၈)ပေစလောင်း၊ လိမ္မော်ရောင်ဗန်း၊ အမည်းရောင်ဗန်းတို့ကို အခြား လူသုံးကုန်ပစ္စည်းများနှင့်အတူ အခွန်သုံးရာခိုင်နှုန်းကောက်ခံ၍လည်း ရှမ်းပြည်နယ်အစိုးရမှ တင်သွင်း ခွင့်ပြုလျက်ရှိကြောင်းလည်း သိရှိရပါတယ်။

**မူကြမ်း**

ယခင်က ဂြိုလ်တုမှတစ်ဆင့် ရုပ်မြင်သံကြားအစီအစဉ်များကို တိုက်ရိုက်ဖမ်းယူနိုင်တဲ့ ဂြိုလ်တု ရုပ်မြင်သံကြားဖမ်းစက်များကို ဆက်သွယ်ရေးစက်ပစ္စည်းများတွင်ပါဝင်ကြောင်း သတ်မှတ်ပြီး တရား ဝင်ခွင့်ပြုချက်ရရှိပြီးမှသာ ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများပြုလုပ်နိုင်သည်ဟု ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနရဲ့ ၂၉-၉-၁၉၉၃ ရက်စွဲပါစာဖြင့် ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ်(၁/၁၉၉၃) ကိုလည်း ပြဋ္ဌာန်း ဆောင်ရွက်ခဲ့ပါတယ်။

၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေပုဒ်မ ၈ တွင်လည်း ဂြိုလ်တုရုပ်မြင်သံကြားဖမ်း စက် လက်ဝယ်ထားရှိလိုသူသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ဂြိုလ်တုရုပ်မြင် သံကြားဖမ်းစက်အား ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ခနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ယခင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော အမိန့်အမှတ် (၁/၁၉၉၃) နှင့် ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေပုဒ်မ ၈ တို့အရ ဂြိုလ်တုရုပ်မြင်သံကြား ဖမ်းစက် လိုင်စင်ကောက်ခံဆောင်ရွက်မှုကို အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာန (ယခင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၁၉၉၄ ခုနှစ်မှစတင်၍ ကောက်ခံဆောင်ရွက်ခဲ့ပါတယ်။ ၎င်းနောက် ၁၅-၇-၂၀၀၅ ရက်နေ့မှစ၍ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ လိုင်စင်အသစ် ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ပြီး လိုင်စင်သက်တမ်းတိုးခြင်းကိုလည်း ၁-၁-၂၀၀၇ ရက်နေ့မှစ၍ ရပ်ဆိုင်း ခဲ့ကြောင်းသိရှိရပါတယ်။

အဆိုပါ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော ဂြိုလ်တုရုပ်မြင် သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ်(၁/၁၉၉၃)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးဖြင့် ဖျက်သိမ်းဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီအစည်းအဝေး(၁၄/၂၀၁၄)တွင် ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါဆုံးဖြတ်ချက်အရ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်း အဝေးအမှတ်စဉ်(၂၃/၂၀၁၄)ဖြင့် ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ်(၁/၁၉၉၃) ကိုလည်း ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အခြေခံမူများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ မူဝါဒ များကို ချမှတ်နိုင်ရန် နိုင်ငံတော်ရဲ့ ပို့ကုန်/သွင်းကုန်ဆိုင်ရာမူဝါဒများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတကာ ကုန်သွယ်မှုစံများနှင့်အညီဖြစ်စေရန် ပို့ကုန်/သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက် ရာတွင် ချောမွေ့လွယ်ကူမြန်ဆန်စေရန်စတဲ့ ရည်ရွယ်ချက်များဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၁၇) ပို့ကုန်/သွင်းကုန်ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပါတယ်။ ဂြိုလ်တုရုပ်မြင် သံကြားဖမ်းစက်များအပါအဝင် ပြည်ပသွင်းကုန်များကို ယခင်က ပြဋ္ဌာန်းခဲ့သော ၁၉၄၇ ခုနှစ်၊ သွင်းကုန်၊ ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထား၍ ပြည်ပမှဝယ်ယူ တင်သွင်းနိုင်သကဲ့သို့ အသစ်ပြဋ္ဌာန်းလိုက်သော ၂၀၁၂ ခုနှစ်၊ ပို့ကုန်သွင်းကုန်ဥပဒေအရလည်း သွင်းကုန်လိုင်စင်များလျှောက်ထား၍ တင်သွင်းခွင့်ပြုထားကြောင်းလည်း သိရှိရပါတယ်။

ဒါ့အပြင် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် ပြည်ပ နိုင်ငံများမှ ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ နိုင်ငံတော်ပြင်ပသို့ ကုန်ပစ္စည်းများ တရား မဝင်တင်ပို့ခြင်းများကြောင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက်ကို နိုင်ငံတော်သမ္မတရုံးရဲ့ ၁၂-၁၂-၂၀၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၇/၂၀၁၂)ဖြင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ကာ လုပ်ငန်းတာဝန်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ကူးသန်းရောင်း ဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သည်ကြီး များအသင်း၊ သတင်းမီဒီယာစတဲ့ ဆက်စပ်ဌာန/အဖွဲ့အစည်းများပါဝင်သော (Mobile Team) အဖွဲ့ များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ကာ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ

ကုန်သေတ္တာ ဆိပ်ကမ်းများအပါအဝင် နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် တရားမဝင်သယ်ဆောင်ရန် လမ်းကြောင်းများ၌ စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၅ မှာ ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း၊ တင်သွင်းခြင်းမပြုရဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၆ တွင် ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်းမပြုဘဲ တင်ပို့ခြင်း၊ တင်သွင်းခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပြီး ဖော်ပြပါဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ ဖောက်ဖျက်ကျူးလွန်ပါက ယင်းဥပဒေပုဒ်မ ၈ အရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်ငွေနှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိသောကြောင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအနေနဲ့ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာပစ္စည်းများအား တရားမဝင်တင်သွင်းလာပါက ၂၀၁၂ ခုနှစ်၊ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာဆက်စပ်ပစ္စည်းများကို ၂၀၁၂ ခုနှစ်၊ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်သို့ ကျသင့်သည့် အခွန်များတရားဝင်ပေးဆောင်၍ တည်ထောင်လုပ်ကိုင်လျက်ရှိသော ပြည်တွင်းရုပ်သံလိုင်းများကိုလည်း အကာအကွယ်ပေးနိုင်မည်ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းရုပ်သံလိုင်းများမှ ၎င်းတို့ရဲ့နစ်နာချက်များကို တိုင်ကြားလာပါက တည်ဆဲဥပဒေများနှင့်အညီလည်း အရေးယူဆောင်ရွက်အကာအကွယ်ပေးမှုများကိုလည်း ဆောင်ရွက်သွားလျက်ရှိပါတယ်။ ပြည်ပနိုင်ငံများမှ တရားမဝင်တင်သွင်းလာသော ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်များဖြစ်သည့် (၈)ပေစလောင်း၊ လိမ္မော်ရောင်ဗန်းနှင့် အမည်းရောင်ဗန်းများမှ ထုတ်လွှင့်မှုများသည် မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီသော ဘာသာရေးပဋိပက္ခဖြစ်စေရန် လှုံ့ဆော်ခြင်းများ၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ကို ထိပါးစော်ကားခြင်းများပါဝင်လာပါက နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူလုံခြုံရေးတို့အတွက်ကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ကြီးကြပ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ (ဃ)အရ ဆက်စပ်မေးခွန်းမေးပါရစေ။ ဒုတိယဝန်ကြီးရှင်းလင်းတင်ပြချက်အပေါ်မှာ အချက်အလက်ပြည့်ပြည့်စုံစုံသိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုပြဿနာက ဒီအခွန်အကောက်ရဖို့ စီးပွားရေးပြဿနာထက်ကို လိုင်စင်ပြဿနာက အင်မတန်အရေးကြီးပါတယ်။ အထူးသဖြင့် ဆက်သွယ်ရေးဥပဒေကိုပြဌာန်းပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့နောက်ပိုင်းမှာ ဒီတရားမဝင်တင်သွင်းတဲ့ စလောင်းများကိစ္စက ခုနက ကျွန်တော်ပြောသလို ဒီအစွန်းရောက်ဘာသာရေးကိစ္စတွေပါအထိ ကျယ်ပြန့်လာတဲ့အခြေအနေများပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ပြီးတော့ဒီဥပဒေနဲ့ပတ်သက်ရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန်/ထုတ်ကုန်အရ အမိပ္ပာယ်ဖွင့်ပြီးတော့ ပြည်ထဲရေးဌာနကတော့ တိုင်ကြားသူရှိမှသာ အရေးယူ၊ ပြီးတော့ ဒီဟာ မီဒီယာဥပဒေဖြစ်နေတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့လည်း သက်ဆိုင်ပါတယ်။ ဆက်သွယ်ရေးဝန်ကြီးဌာနပါပေါင်းရင် ဝန်ကြီးဌာန လေးခုလောက် ဆိုင်နေတဲ့ပြဿနာဖြစ်တဲ့အတွက် အခု ပြန်ကြားရေးဝန်ကြီးလည်း လွှတ်တော်ကိုရောက်နေတဲ့အချိန်မှာ ကျွန်တော် ဆက်စပ်မေးခွန်းမေးချင်တာက အခုကိစ္စမှာ ကျွန်တော်တို့ ဥပဒေပါတဲ့ ဒီပြည်တွင်းအသံလွှင့်သူတွေကို ကာကွယ်မယ်။ အသုံးပြုသူတွေကိုကာကွယ်မယ်။ လိုင်စင်ရပြီးမှသာ ဆောင်ရွက်နိုင်မယ်ဆိုတဲ့အချက်ကို ဆက်သွယ်ရေးဥပဒေပေါ်ပေါက်လာပြီးနောက် ဘယ်ဝန်ကြီးဌာနကနေ အဓိကတာဝန်ယူပြီးတော့ ဆောင်ရွက်သွားမလဲဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့် ထောက်ပြသွားတဲ့အချက်က မှန်ပါတယ်။ ဒီ အရပ်အခေါ် စလောင်း လိမ္မော်ရောင်ဗန်းတွေနဲ့ အမည်းရောင်ဗန်းတွေကို ကျွန်တော်တို့လည်း စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီထဲမှာ အဓိကပြဿနာက သုံးခုရှိပါတယ်။ (၁)က ကျွန်တော်တို့နိုင်ငံအနေနဲ့ ကြည့်ရှုရန်မသင့်တဲ့ ညစ်ညမ်းတဲ့လိုင်းတွေပါပါတယ်။ နောက်တစ်ခါ လောင်းကစားလိုင်းတွေလည်းပါပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အမည်းရောင်ဗန်းမှာဆိုရင် အစွန်းရောက်အယူအဆတွေကို လွှင့်ထုတ်တဲ့ ရုပ်သံလိုင်းတချို့ ပါပါတယ်။ ဒါကို ကျွန်တော်တို့ ထိန်းသိမ်းဖို့အတွက် ဝန်ကြီးဌာနတွေကြားမှာ ပေါင်းစပ်ညှိနှိုင်းဖို့ လိုနေတယ်ဆိုတာလည်း ကျွန်တော်

လက်ခံပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အနေနဲ့ တင်ပြချင်တာက သူက ဂြိုလ်ထုကထုတ်လွှင့်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ နည်းပညာအခေါ်အရ Spill Over ဆိုတော့ လျှံကျပြီးတော့မှ ကျွန်တော်တို့နိုင်ငံအပေါ်ကို ရောက်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံကဖမ်းလို့ရနေတာ။ ဒါပေမယ့် ကျွန်တော်တို့ဆီက Sky Net တို့၊ ဘာတို့ကိုလည်း၊ နောက် မြန်မာ့အသံကလည်း ဂြိုလ်ထုကလွှင့်တဲ့အခါမှာ တခြားနိုင်ငံတွေ၊ ထိုင်းနိုင်ငံတို့၊ စင်ကာပူတို့မှာဖမ်းလို့ရပါတယ်။ ဒါပေမယ့် သူတို့နိုင်ငံမှာ ဒီလိုစလောင်းတွေကိုသွင်းတာကို တင်းတင်းကျပ်ကျပ်ချုပ်ကိုင်ထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ Sky Net ဗန်းကိုသွင်းလို့မရသလို မြန်မာ့အသံကိုကြည့်ဖို့အတွက် ၈ ပေစလောင်းကိုလည်း လွယ်လွယ်ကူကူသွင်းလို့မရပါဘူး။ ကျွန်တော်တို့ သံရုံးတွေမှာသွင်းမယ်ဆိုရင်တောင်မှ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ညှိပြီးတော့မှ သီးခြားလိုင်စင်နဲ့သွင်းရတဲ့အစီအစဉ်မျိုး ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကတော့ ကျွန်တော်တို့ တိတိကျကျကိုင်တွယ်ဖို့လိုအပ်တယ်ဆိုတာကို ကျွန်တော် ထောက်ခံပါတယ်။ လုပ်တဲ့နည်းလမ်းကတော့ တစ်ခုကတော့ ဆက်သွယ်ရေးဥပဒေ ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ တင်ထားတဲ့ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း ပြည်သူ့လွှတ်တော်မှာရောက်နေတာရှိပါတယ်။ အဲဒီမှာတော့ ကျွန်တော်တို့ဆွဲစဉ်အခါတုန်းက ဒီလောက်အထိ ကျွန်တော်တို့ထည့်ပြီးမတွက်တဲ့အခါကျတော့ ဒီစလောင်းတွေကို သွင်းလာလို့ရှိရင် ဥပဒေအရ ကျွန်တော်တို့နိုင်ငံမှာ လိုင်စင်မရှိဘဲနဲ့ ထုတ်လို့မရဘူးဆိုတဲ့အချက်ပါပေမယ့် တခြားနိုင်ငံကထုတ်လွှင့်တဲ့ဟာ မြန်မာနိုင်ငံထဲကိုရောက်နေလို့ရှိရင် နည်းပညာကလျှံကျပြီးတော့ရောက်နေရင် ဖမ်းလို့ရတဲ့စလောင်းတွေကိုသွင်းလို့ရှိရင် ဘယ်လိုအရေးယူမယ်ဆိုတဲ့အချက် မပါပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တင်ပြချင်တာနှစ်ခုရှိပါတယ်။ ပထမအချက်ကတော့ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းဥပဒေကို ပြည်သူ့လွှတ်တော်မှာ စဉ်းစားတဲ့အခါမှာ ဒီ Receiver တွေကိုပါ Cover ဖြစ်အောင်လို့ ကျွန်တော်တို့ထည့်သင့်/မထည့်သင့် ဥပဒေကြမ်းကော်မတီအနေနဲ့ စဉ်းစားပေးနိုင်ဖို့ တင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ ပြန်ကြားရေးရယ်၊ ခုနက ဆက်သွယ်ရေးရယ်၊ စီးပွား/ကူးသန်းရယ်၊ ပြည်ထဲရေးရယ် ပေါင်းပြီးတော့မှ ဒီဟာတွေကို ဘယ်သူကတာဝန်ယူပြီးတော့ လက်ရှိဘယ်ဥပဒေနဲ့ စပြီးတော့ကိုင်တွယ်မယ်ဆိုတာကို ကျွန်တော်တို့ဆွေးနွေးဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ အခု ပြန်ကြားရေးဝန်ကြီး ရှင်းလင်းတင်ပြချက်နှင့်ပတ်သက်ပြီးတော့ မီဒီယာဥပဒေကြမ်း ပြည်သူ့လွှတ်တော်မှာရောက်နေတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီကော၊ သက်ဆိုင်တဲ့ အားကစား၊ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာကော်မတီက အလေးအနက်ထားပြီးတော့ စဉ်းစားဖို့လိုပါတယ်။ ထို့နည်းတူစွာပဲ ဒီဥပဒေကို ပြန်လည်သုံးသပ်တဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှာ လာပူးပေါင်းပြီးတဲ့အခါမှာ ပြည့်စုံတဲ့ဥပဒေတစ်ခုဖြစ်အောင် ဆောင်ရွက်လုပ်ဖို့တိုက်တွန်းလိုပါတယ်။

**နယ်မှလာသည့် မော်တော်ယာဉ်များကို သန်လျင်၊ မှော်ဘီ၊ တိုက်ကြီးအစရှိသော မြို့များမှယာဉ်များ၏ မြို့ဝင်ကြေးနှုန်းထားအတိုင်း တူညီစွာသတ်မှတ်ပေးရန် သို့မဟုတ် မြို့တော်နယ်နိမိတ်ပြင်ပရှိ ယာဉ်များ၏တန်ဖိုးနှုန်းထားအတိုင်း မြို့ဝင်ကြေးကောက်ခံမှုအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးကြင်သိန်း၊ ပဲခူးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြင်သိန်း(ပဲခူးမဲဆန္ဒနယ်) ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဒီနေ့မေးမဲ့မေးခွန်းကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နယ်မှဝင်ရောက်လာတဲ့ကားတွေကို မြို့ဝင်ကြေးကောက်ခံမှု များပြားနေတဲ့အတွက် ပြောင်းလဲသတ်မှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်တဲ့မေးခွန်းမေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့မှာ နိုင်ငံတော်ရဲ့အဓိကအချက်အခြာကျတဲ့ စီးပွားရေးမြို့တော်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသတွေက ရန်ကုန်မြို့နဲ့ကင်းကွာလို့မရပါဘူး။ လမ်းပန်းဆက်သွယ်သွားလာရေးလွယ်ကူလာတဲ့အပြင်မှာ နိုင်ငံတော်ရဲ့ဖြေလျှော့မှုအစီအစဉ်ကြောင့် ယခင်က ကိုယ်ပိုင်ကားမစီးနိုင်တဲ့ ပြည်သူများအနေနဲ့ ယခုအခါ အဖိုးနည်းဝန်ပါကားများစီးနိုင်ကြပြီးတော့ ပုဂ္ဂလိကကိုယ်ပိုင်သုံးစွဲမှု လွန်စွာမှတိုးတက်များပြားလာပြီ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမြို့မှာရှိတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များအနက် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှမော်တော်ယာဉ်များဟာ ရန်ကုန်မြို့အတွင်း ဝင်ရောက်ရပ်နားမောင်းနှင်ပြေးဆွဲမှုများ ယခင်ကထက် ပိုမိုများပြားလျက်ရှိပါတယ်။ အဆိုပါမော်တော်ယာဉ်များကို

စိစစ်ကြပ်မတ်ရန်လိုအပ်တဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၆-၁၁-၂၀၁၄ ရက်နေ့မှစပြီးတော့ နှုန်းထားသုံးမျိုးနှင့် သတ်မှတ်ပြီးတော့ မြို့ဝင်ကြေးကောက်ခံလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီမြို့ဝင်ကြေးကောက်ခံမှုကတော့ ၂၄ နာရီ တစ်ရက်ကို မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာရှိတဲ့မြို့တွေအတွက် တစ်တန်အောက်ကားကို ၁၀၀ ကျပ်၊ တစ်တန်မှသုံးတန် အထိ ၄၀၀ ကျပ်နဲ့ သုံးတန်မှငါးတန်အထိကို ၅၀၀ ကျပ်ကောက်ခံလျက်ရှိပါတယ်။ မြို့တော်စည်ပင် သာယာရေး နယ်နိမိတ်ပြင်ပမှာရှိတဲ့မြို့များမှ ကားများကိုတော့ မော်တော်ယာဉ်များကိုတော့ တစ်တန် အောက်ကို ၂၀၀ ကျပ်၊ တစ်တန်မှသုံးတန်အထိ ၄၀၀ ကျပ်နဲ့ သုံးတန်မှငါးတန်အထိကို ၆၀၀ ကျပ် ကောက်ခံခဲ့ကြောင်း သိရှိရပါတယ်။ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကားများကိုတော့ တစ်တန်အောက်ကို ၂၀၀၀ ကျပ်၊ တစ်တန်မှ သုံးတန်အထိ ၄၀၀၀ ကျပ်နဲ့ သုံးတန်မှငါးတန်အထိကို ၆၀၀၀ ကျပ်၊ ငါးတန်အထက်ယာဉ်များကိုတော့ ၁၀၀၀၀ ကျပ်ကောက်ခံလျက်ရှိကြောင်း သိရှိရ ပါတယ်။ နိုင်ငံတော်အနေနဲ့ အမျိုးမျိုးသောအခွန်အခများကို ကောက်ခံရခြင်းဟာ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကကျတဲ့တာဝန်ဖြစ်ပါတယ်။ လုံးဝဖျက်သိမ်းဖို့လည်း မသင့်ပါဘူး။ သို့ရာ တွင် သင့်တင့်လျောက်ပတ်တဲ့အခွန်အခများတော့ ဖြစ်သင့်တယ်လို့ယူဆပါတယ်။ အခုအခါမှာ နယ်ဒေသများမှ လာရောက်တဲ့ကားတွေဟာ မြို့ဝင်ကြေးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေရပါတယ်။ သို့ပါ၍ နယ်မှလာရောက်တဲ့မော်တော်ယာဉ်များကို မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ရှိတဲ့မော်တော်ယာဉ်များ မြို့ဝင်ကြေးပေးတဲ့နှုန်း သို့မဟုတ် မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပမှာရှိတဲ့ မော်တော်ယာဉ်များကို ကောက်ခံတဲ့နှုန်းအတိုင်း ကျွန်တော်တို့နယ်မှလာတဲ့ မော်တော်ယာဉ်များကို ပြန်လည်ပြီးတော့ ပြောင်းလဲသတ်မှတ်ပေးနိုင်မှုရှိ/မရှိနဲ့ ပတ်သတ်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း [ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၁)]။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီး များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး

ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်း၏ မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလေးစားစွာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဟာ ၃၀-၁၀-၂၀၁၄ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဘီးခွန်ပေးဆောင်ထားခြင်းမရှိသည့် ရန်ကုန်တိုင်းဒေသကြီးပြင်ပနှင့် မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များ မြို့တော်နယ်နိမိတ်အတွင်း ဝင်ရောက်မောင်းနှင်မှုများ ပိုမိုများပြားလာသည့်အတွက် အဆိုပါမော်တော်ယာဉ်များအား စိစစ်ကြပ်မတ်နိုင်ရန် ၂၆-၁၁-၂၀၁၄ ရက်နေ့ကစ၍ မြို့ဝင်ကြေးကောက်ခံခဲ့ခြင်းဖြစ်ပါတယ်။ ယင်းသို့ မြို့ဝင်ကြေးကောက်ခံရာ၌လည်း အများပြည်သူထိခိုက်မှုမရှိစေရေး၊ ကုန်စည်သယ်ဆောင်မှု ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးတို့အတွက် ခရီးသည်တင်ဘတ်စ်ကားများ၊ ဌာနဆိုင်ရာယာဉ်များ၊ အစိုးရဝန်ထမ်းကြိုပို့ယာဉ်များ၊ ကုန်တင်ဆောင်လာသည့်ကုန်တင်ယာဉ်များအား မြို့ဝင်ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ယင်းအပြင် သန်လျင်၊ မှော်ဘီ၊ တိုက်ကြီးစသည့်မြို့နယ်များမှ ကုမ္ပဏီ၊ ပုဂ္ဂလိက ဝန်ထမ်းကြို/ပို့ယာဉ်များနှင့် ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များသို့ ဝင်ရောက်မောင်းနှင်သည့် မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များကိုလည်း နှုန်းထားတစ်မျိုးသတ်မှတ်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များကို နှုန်းထားတစ်မျိုးသတ်မှတ်၍လည်းကောင်း သင့်လျော်သည့် မြို့ဝင်ကြေးနှုန်းထားများဖြင့် ခွဲခြားသတ်မှတ်ထောက်ခံခြင်းသာဖြစ်ပါတယ်။ အလားတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ချက်အရ ရန်ကုန်-ပဲခူးပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ်များနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၂-၁-၂၀၁၅ ရက်နေ့ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်း၍ Hilux ယာဉ်များအား ၂၀၀ ကျပ်နှုန်း၊ Mini Bus ယာဉ်နှင့် City Bus ယာဉ်များအား ၁၀၀၀ ကျပ်နှုန်းဖြင့် မြို့ဝင်ကြေးနှုန်းထားများအား ပြင်ဆင်လျှော့ပေါ့ သတ်မှတ်ကောက်ခံခဲ့ပြီးဖြစ်ပါတယ်။ နယ်များမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်လျက်ရှိသည့်မော်တော်ယာဉ်များကို လက်ရှိကောက်ခံနေသည့် မြို့ဝင်ကြေးနှုန်းထားများအတိုင်း ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါတယ်။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီးပြင်ပနှင့် မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များကို မြို့ဝင်ကြေးကောက်ခံရာ၌လည်း မြို့တော်နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြုမောင်းနှင်သည့် ယာဉ်များကိုသာ မြို့ဝင်ကြေးကောက်ခံသွားမည်ဖြစ်ပါတယ်။ ဥပမာအားဖြင့် အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့တော်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိသော အဝေးပြေးခရီးသည်တင်ယာဉ်များအနေဖြင့် နေပြည်တော်အမြန်လမ်း၊ ရန်ကုန်-ပဲခူးလမ်းများကို အသုံးပြုမောင်းနှင်၍ အမှတ်(၃)လမ်းမှတစ်ဆင့် ရန်ကုန်မြို့အတွင်းသို့ ဝင်ရောက်မှုများကိုလည်းကောင်း၊ ရန်ကုန်-ပြည်လမ်း ယင်းမှတစ်ဆင့် ထောက်ကြန့် အနီးရှိ မြို့ရှောင်လမ်းမှ အမှတ်(၃)လမ်း ယင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ဝင်ရောက်သည့် မော်တော်ယာဉ်များသည် အမှတ်(၃)လမ်းကို အဓိကအသုံးပြုပြီး ခရေပင်လမ်းနှင့် အမှတ်(၃)လမ်းဆုံရှိ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ဝင်ရောက်မှုများကိုလည်းကောင်း မြို့ဝင်ကြေးကောက်ခံခြင်းမပြုပါကြောင်း တင်ပြလိုပါတယ်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးပြင်ပမှ မော်တော်ယာဉ်များ (နယ်မှလာရောက်သည့်မော်တော်ယာဉ်များ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြုမောင်းနှင်ခြင်းအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် လက်ရှိကောက်ခံနေသည့် မြို့ဝင်ကြေးနှုန်းထားများအတိုင်း ဆက်လက်ကောက်ခံသွားမည်ဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်းမေးမြန်းသည့် နယ်မှလာရောက်သည့် မော်တော်ယာဉ်များကို သန်လျင်၊ မှော်ဘီ၊ တိုက်ကြီး အစရှိသော မြို့နယ်များမှမော်တော်ယာဉ်များ၏ မြို့ဝင်ကြေးနှုန်းထားအတိုင်းတူညီစွာသတ်မှတ်ပေးရန် (သို့မဟုတ်) မြို့တော်နယ်နိမိတ်ပြင်ပရှိယာဉ်များ၏ တန်ဘိုးနှုန်းထားအတိုင်း မြို့ဝင်ကြေးကောက်ခံမှုအား ပြင်ဆင်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဟိုပုန်းမြို့နယ်၊ မဲနယ်တောင်ဒေသရှိ ကျောက်ကချား-ထီတဲမ်းလိတ်-လိုင်းကလလမ်း၊ ကျောက်ကချား-ထီတဲမ်းလိတ် လမ်းခွဲမှ ပါခက်-ထီဆွေးလမ်း၊ ကျောက်ကချား-ထီတဲမ်းလိတ်လမ်းခွဲမှ ပန်ကလားလမ်း၊ စုစုပေါင်း (၁၄) မိုင် (၆) ဖာလုံမှာ မြေသားလမ်း ဆောက်လုပ်ပေးပြီးဖြစ်ရာ အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခွန်သိန်းဖေ၊ ဟိုပုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ (ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ်၊ မဲနယ်တောင်ဒေသရှိ ကျောက်ကချား-ထီတဲမ်းလိတ်-လိန်းကလလမ်း၊ ကျောက်ကချား-ထီတဲမ်းလိတ် လမ်းခွဲမှ ပါခက်-ထီဆွေးလမ်း၊ ကျောက်ကချား-ထီတဲမ်းလိတ်လမ်းခွဲမှ ပန်ကလားလမ်း၊ စုစုပေါင်း ၁၄ မိုင် ၆ ဖာလုံမှာ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် မြေသားလမ်း ဖောက်လုပ်ပေးပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၅၀၀၀ နဲ့ ၈၀၀၀ အကြားတွင် တည်ရှိခြင်း၊ တောင်ပေါ်ဒေသဖြစ်ခြင်း၊ မိုးအလွန်များခြင်းတို့ကြောင့် မြေသားလမ်းအဖြစ်သာ ဆက်လက်တည်ရှိနေပါက အမြန်ပြန်လည်ပျက်စီးမည်ဖြစ်ပြီး ပြည်သူများ ဆက်သွယ်သွားလာရေး ပြန်လည်ပြတ်တောက်ခက်ခဲနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေသားလမ်းအား နိုင်ငံတော်မှ ကျောက်ချောလမ်းအဖြစ် ယခုဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန်နဲ့ ဆောင်ရွက်ပေးမယ့်အစီအစဉ်နဲ့ပတ်သက်ပြီး သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်သိန်းဖေက ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး

မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဦးစွာပထမ တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပုန်းမြို့နယ် ကျောက်ကချား-ထီတဲမ်းလိတ်-လိန်းကလလမ်း ၇ မိုင် ၆ ဖာလုံ၊ ကျောက်ကချား-ထီတဲမ်းလိတ် လမ်းခွဲမှ ပါခက်-ထီဆွေးလမ်း ၃ မိုင်၊ ကျောက်ကချား-ထီတဲမ်းလိတ် လမ်းခွဲမှ ပန်ကလားကျေးရွာသွားလမ်း ၄ မိုင်၊ စုစုပေါင်းအရှည် ၁၄ မိုင် ၆ ဖာလုံတို့ဟာ ကျေးရွာ ၁၆ ရွာ၊ အိမ်ခြေ ၂၃၆၉ အိမ်ရှိပြီး လူဦးရေ ၁၃၃၁၈ ဦးတို့ကို အကျိုးပြုပါတယ်။ အဲဒီလမ်း သုံးလမ်းအရှည် ၁၄ မိုင် ၆ ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မယ်ဆိုပါက ငွေကျပ် ၁၁၉၀.၀၃ သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၅၁၈.၁၆ သန်းဖြင့် ကတ္တရာလမ်း ၅ မိုင်၊ ကျောက်ချောလမ်း ၁၉ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၃၃ မိုင်၊ သစ်သားတံတား ၆၀၂ ပေနဲ့ ရေပြွန် ၃၁၅ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ မှာလည်း လမ်း ၁၄ မိုင် ၂ ဖာလုံ၊ ငွေကျပ် ၁၂၂၈.၅၈၄ သန်း တင်ပြထားဆဲဖြစ်ပါတယ်။ ဟိုပုန်းမြို့နယ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၃၈၀.၁၉၅ သန်းဖြင့် ကတ္တရာလမ်း ၁ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၁ မိုင်၊ မြေသားလမ်း ၆ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၁၃၂ ပေနှင့် ရေပြွန် ၁၂၅ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုထားပြီး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ လမ်း ၅ မိုင်၊ ငွေကျပ် ၄၀၃.၄ သန်း တင်ပြထားဆဲဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာသော ဟိုပုန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်ကချား-ထီတဲမ်းလိတ်-လိန်းကလလမ်း၊ ကျောက်ကချား-ထီတဲမ်းလိတ် လမ်းခွဲမှ ပါခက်-ထီဆွေးလမ်းနှင့် ကျောက်ကချား-ထီတဲမ်းလိတ်လမ်းခွဲမှ ပန်ကလားကျေးရွာချင်းဆက်လမ်း သုံးလမ်းဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ရန်ပုံငွေမှာ ခွင့်ပြုထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်ရှိ ကာလိမြို့တွင် ၃၁/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်၍ လျှပ်စစ်မီးဖြန့်ဖြူးပေးရန်၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းကို နိုင်ငံတော်နှင့် လက်ရှိအကျိုးတူပူးပေါင်း လုပ်ကိုင်နေသော ပုဂ္ဂလိကလုပ်ငန်းရှင်ထံမှ ပြန်လည်ရုပ်သိမ်း၍ အစိုးရက စီမံပေးရန်နှင့် ကွန်ဟိန်း မြို့နယ်မှ ကာလိ/တာကောရွာအထိ/ အတွင်းရှိကျေးရွာ/ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး ရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု (ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ၂၇-၈-၂၀၁၄ ရက်စွဲပါ ကာလိမြို့နေ ပြည်သူများ ၁၂၇၉ ဦးက ကျိုင်းတောင်းလျှပ်စစ်မီးသည် ကွန်ဟိန်းမြို့သို့ ရောက်ရှိဖြန့်ဖြူးနေကြောင်း ကာလိမြို့တွင်နေထိုင်သော ပြည်သူများကလည်း အဆိုပါ ကျိုင်းတောင်းလျှပ်စစ်မီးကို အစိုးရဈေးနှုန်းဖြင့် သုံးစွဲလိုပါသဖြင့် ကာလိမြို့သို့လည်း ဖြန့်ဖြူးပေးပါရန် လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ ၃၀-၈-၂၀၁၄ ရက်စွဲပါ ကာလိမြို့နေ ပြည်သူများက ကွန်ဟိန်းမြို့ နယ်အတွင်း၊ ကွန်ဟိန်းမြို့နယ်ပြည်သူများက ကွန်ဟိန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပေးခြင်းလုပ် ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက နိုင်ငံတော်နဲ့ အကျိုးတူပူးပေါင်းလုပ်ကိုင်ရာ နိုင်ငံတော်က နစ်နာမှုရှိနေခြင်း၊ မီးအားသုံးစွဲသည့်ပြည်သူများနှင့် ပြေလည်မှုမရှိခြင်း၊ ပြည်သူများအခက်အခဲမျိုးစုံ တွေ့ကြုံနေရခြင်း၊ ကွန်ဟိန်းမြို့ ရပ်ကွက် ၅၊ အမှတ် က-၃ လမ်းတွင်နေထိုင်သော အုပ်ချုပ်ရေးမှူးနှင့် တကွ ပြည်သူများက ကိုယ့်အားကိုယ်ကိုးကာ တိုင်စိုက်ထူခြင်း၊ မီးကြိုးသွယ်တန်းခြင်းများ ပြုလုပ်ခဲ့ပြီး ၎င်းထံ အကူအညီတောင်းသော်လည်း မရရှိခြင်း စသည်တို့ဖြစ်နေတဲ့အတွက် ကွန်ဟိန်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရကသာ ချောမွေ့လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးကို စီမံခန့်ခွဲပေးပါရန် တင်ပြလာပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စုရှိ ဝမ်ပန် ကျေးရွာ၊ နမ့်ခမ်းကျေးရွာနဲ့ သိမ်ဖျံကျေးရွာနေပြည်သူများကလည်း ၎င်းတို့ ဒီလျှပ်စစ်သွယ်တန်းရာ လမ်းတစ်လျှောက်တွင် တည်ရှိနေသောကြောင့် ကျိုင်းတောင်းရေအားလျှပ်စစ်မီးရရှိနိုင်ရေး တင်ပြလာ ကြပါတယ်။ အဆိုပါပြည်သူများတင်ပြလာသည့်စာ သုံးစောင်အား ဝန်ကြီးဌာနသို့ ပူးတွဲပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မေးမြန်းလိုသည်မှာ (က) ကာလိမြို့ နေ ပြည်သူ ၁၂၇၉ ဦးက တောင်းဆိုသည့်အတိုင်း ကာလိမြို့တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်၍ ကာလိမြို့သို့ ကျိုင်းတောင်းလျှပ်စစ်မီးကို အစိုးရဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးပါရန်

အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ (ခ) ကွန်ဟိန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပေးရေးလုပ်ငန်းကို နိုင်ငံတော်နှင့် လက်ရှိအကျိုးတူပူးပေါင်းလုပ်ကိုင်နေသော အဆိုပါပုဂ္ဂလိက လုပ်ငန်းရှင်ထံမှ ပြန်လည်ရုပ်သိမ်း၍ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲမှု ပေးနိုင်/မပေးနိုင် သိလိုပါ တယ်။ (ဂ) ကွန်ဟိန်းမြို့နယ်မှ ကာလိ/တာကောရွာအထိ၊ ၎င်းအတွင်းရှိ ကျေးရွာ/ရပ်ကွက်များသို့ လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ အထက်ပါမေးခွန်း (က)၊ (ခ)နှင့် (ဂ)ပါ ပြည်သူများ၏ တောင်းဆိုတင်ပြမှုကို နိုင်ငံတော်အစိုးရက ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြုလုပ်ဆောင်ရွက်ပေးမည်ဟုဆိုပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိလိုပါသည်။ ပြည်သူတို့၏ တောင်းဆိုချက်ကို မပြုလုပ်ပေးနိုင်ဘူးဆိုပါက အဘယ်ကြောင့်နည်း။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၏ မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်ခင်ဗျား။ ပထမဦးစွာ ဒေါ်နန်းဝါနုရဲ့မေးခွန်း(က)ပါ အဖြေကို တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နယ်နှင့် တာကောမြို့တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဆက်သွယ်ပေးနိုင်ဖို့အတွက် ၃၃ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီး ကာလိမြို့အနီးပတ်ဝန်းကျင်မှာ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားခဲ့သော်လည်းပဲ ရန်ပုံငွေခွင့်ပြုနိုင်မှုအခြေအနေအရ ပါဝင်နိုင်ခဲ့ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လာမည့်ဘဏ္ဍာရေးနှစ်များမှာ ထပ်မံထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်း(ခ)ပါ အဖြေကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် အတွင်းမှာ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းကို မူလက အသေးစားရေအားလျှပ်စစ်စက်ဖြစ်တဲ့ ၁၂၉ ကေဗွီအေနဲ့ ၁၂၅ ကေဗွီအေ၊ မီးစက် ရေအားစက်အသေးနှုန်းနဲ့ ပုဂ္ဂလိကမှ ဓာတ်အားဖြန့်ဖြူးရေး ဆောင်ရွက်ခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှာ နိုင်ငံတော်ဓာတ်အားစနစ်ရောက်ရှိပြီးတော့ အခါကျမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြန်လည်တာဝန်ယူပြီးတော့မှ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ယခင်က မီတာအလုံး ၇၈၀ သာ တပ်ဆင်ဓာတ်အားပေးခဲ့သော်လည်း ယခုအခါမှာ မီတာအလုံးပေါင်း ၁၅၆၈ လုံးရှိနေပြီဖြစ်ပြီးတော့ ရေအားအသေးစားနှင့် ၅၆ လုံးကိုသာ ပုဂ္ဂလိက ကနေ ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကျန်တဲ့မီတာအလုံး ၁၅၁၂ လုံးကိုတော့ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့မှပဲ ဆက်လက်ဖြန့်ဖြူးပေးပြီးတော့မှ မီတာခ ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပဲ ကောက်ခံလျက် နိုင်ငံတော်နှုန်းထားနဲ့ပဲ ကောက်ခံလျက်ရှိပါ တယ်။ အသေးစားရေအားလျှပ်စစ်ကနေပြီးတော့ ဓာတ်အားပေးထားတဲ့ ပြည်သူတွေကိုလည်းပဲ တစ်နိုင်ငံလုံး ဓာတ်အားအတိုင်းအတာနဲ့ပဲ ဓာတ်အားနှုန်းထားနဲ့ပဲ ၃၅ ရာခိုင်နှုန်းနဲ့ ၁၀၀ သာလျှင် ကောက်ခံလျက်ရှိကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေကို စီးပွားရေးဆန်ဆန်ဆောင်ရွက်ဖို့အတွက် ပုဂ္ဂလိကဓာတ်အားဖြန့်ဖြူးခွင့်ကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ပုဂ္ဂလိကမှ ဆောင်ရွက်ရာမှာလည်း ဓာတ်အားခနှုန်းထားကို နိုင်ငံတော်ကသာ လက်ရှိဖြန့်ဖြူးပေးတဲ့ နှုန်းထားအတွင်းတိုင်း ကောက်ခံစေပြီးတော့မှ မီတာတပ်ဆင်ခြင်းများကိုလည်း ဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့နှုန်းထားများအတိုင်းသာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြဖြေကြားအပ်ပါ တယ်ခင်ဗျား။

ဆက်လက်ပြီးတော့မှ မေးခွန်း(ဂ)ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်ကနေပြီး တော့မှ ကာလိ၊ တာကောကျေးရွာအတွင်းမှာရှိတဲ့ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ကာလိမြို့နှင့် တာကောမြို့တို့ကို ၃၃ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ပြီးတော့ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက နိုင်ငံတော်မှာ ခွင့်ပြုခွဲဝေရရှိတဲ့ရန်ပုံငွေပေါ်မူတည်ပြီးတော့ ကျေးလက်ဒေသရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစပြီးတော့ မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံငယ် ထရန်စဖော်မာများနဲ့ ကျေးရွာအတွင်း ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းတို့ကို တိုင်းဒေသကြီးနှင့်

ပြည်နယ်အစိုးရအဖွဲ့များရဲ့ ရန်ပုံငွေတောင်းခံမှုအပေါ်မှာ ထည့်သွင်းတောင်းခံပြီး ဆောင်ရွက်ပေး လျက်ရှိပါတယ်။

ကွန်ဟိန်းမြို့နယ် ဝမ်ပန်ကျေးရွာဓာတ်အားရရှိဖို့အတွက်ကို ၁၁ ကေဗွီလိုင်း ဝ.၇ မိုင်နဲ့ ၂၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ယခု ၂၀၁၅-၂၀၁၆ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့မှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ ရေးဆွဲခဲ့တဲ့ တစ်နိုင်ငံလုံးအမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ရေးဆွဲထားပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကစတင်ပြီး ၂၀၃၀-၂၀၃၁ မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီ စီမံချက်အရ ဆောင်ရွက်ရာမှာ ဓာတ်အားမရရှိသေးတဲ့ကျေးရွာများကို လက်ရှိဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံအတွင်းမှ နှစ်မိုင်အတွင်းရှိ ကျေးရွာများကို ပထမအုပ်စု၊ နှစ်မိုင်အတွင်းကနေပြီးတော့ ၁၀ မိုင်အတွင်း ရှိကျေးရွာများကိုတော့ ဒုတိယအုပ်စုနဲ့ ၁၀ မိုင်အထက် အလှမ်းကွာတဲ့အခါမှာ သီးခြား ၃၃ ကေဗွီလိုင်း၊ နောက် ဓာတ်အားခွဲရုံအသစ်တွေတည်ဆောက်ပြီးတော့မှ ရွာတွေကိုဆက်လက်ဆွဲပေး ရမယ်ဆိုတဲ့ရွာများကိုတော့ ဆက်လက်ပြီးတော့မှ တတိယအုပ်စုအနေနဲ့ လျာထားပါတယ်။ မေးမြန်း ချက်ပါ ကွန်ဟိန်းမြို့နယ် နမ့်ခမ်းကျေးရွာနဲ့ သိမ်ဖျံကျေးရွာတို့ဟာ နှစ်မိုင်အထက်ဝေးကွာတဲ့ ကျေးရွာများ ဖြစ်ပြီးတော့မှ နိုင်ငံတော်ရဲ့ရန်ပုံငွေ၊ အလှူရှင်များရဲ့ရန်ပုံငွေ၊ ကမ္ဘာ့ဘဏ်ချေးငွေတွေ ရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့မှ လာမယ့်နှစ်တွေမှာ လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)** ။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ နောက်ဆက်တွဲမေးခွန်း မေးချင်ပါတယ်ရှင်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ကျွန်မတို့ ကွန်းဟိန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ ကော်မတီသုံးရပ် အစည်းအဝေးပြုလုပ်တဲ့အချိန်မှာ လက်ရှိ EPC တာဝန်ခံက လက်ရှိအကျိုးတူ လုပ်ငန်းလုပ်နေတဲ့အဖွဲ့က မီတာဘောက်မရှိဘဲနဲ့ လျှပ်စစ်သွယ်တန်းခြင်း၊ တရားမဝင်မီးပေးခြင်းက အိမ်ခြေ ၁၀၀ ကျော် ရှိပါတယ်။ အဲဒီအိမ်ခြေ ၁၀၀ ကျော်ကို မီတာဘောက်ဦးစားပေးရန်ဆိုတဲ့ ကိစ္စဆွေးနွေးခဲ့တာကိုသိ/မသိ၊ နောက်ပြီးတော့ ထိုကဲ့သို့ တရားမဝင်မီးပေးခြင်း၊ လျှပ်စစ်လုပ်နေခြင်း များကို မည်ကဲ့သို့ အရေးယူပေးမည်နည်း။ နောက်ထပ်တစ်ခုကတော့ ကျွန်မတို့ ကွန်ဟိန်းမြို့နယ်

အတွင်းမှာ လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်သော်လည်း မြို့တွင်းလမ်းသွယ်တွေကို ယာယီသာ သွယ်တန်းပေးထားပါတယ်။ အဆိုပါ ယာယီသွယ်တန်းထားပေးသည်ကို တရားဝင်အခိုင်အမာဖြစ်အောင် မည်ကဲ့သို့ပြုလုပ်ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်ရှင့်။

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကျွန်တော် ဒေါ်နန်းဝါနုရဲ့ ထပ်ဆင့်မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မူလက ဒီရေအားအသေးစားဓာတ်အားပေးစက်တွေကို ကျွန်တော်တို့ ဝန်ကြီးဌာနဟာ တိုင်းနှင့်ပြည်နယ်အစိုးရတွေကို လွှဲပြောင်းပြီးတော့မှ တာဝန်ယူစီမံခန့်ခွဲပေးပြီးသားကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဓာတ်အားရောက်ရှိတဲ့ ၂၈-၇-၂၀၁၄ ရက်နေ့ကစပြီးတော့မှ ကျွန်တော်တို့ဟာ မူလက မီတာအလုံး ၇၈၀ သာရှိသော်လည်းပဲ ယနေ့ဆိုရင် မီတာအလုံး ၁၅၆၈ လုံးထိအောင် နှစ်ဆကျော် တိုးတက်တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုဒေါ်နန်းဝါနုတင်ပြတဲ့ မီတာပေါက်မရှိတဲ့ ၁၀၀ ကျော်ဆိုတာကလည်းပဲ ကျွန်တော်တို့ ဘယ်အခြမ်းမှာ ဓာတ်အားစနစ်က ပေးတဲ့အခြမ်းမှာ မဖြစ်နိုင်တော့ဘဲနဲ့ ရေအားဘက်မှာသာ ပုဂ္ဂလိကစီမံခန့်ခွဲတဲ့အပိုင်းသာ ဖြစ်ပါမယ်။ ဒါကိုလည်း ကျွန်တော်တို့ ပြန်လည်စစ်ဆေးပြီးတော့မှ မီတာဘောက်ကို အလွယ်ကူဆုံး အမြန်ဆုံး ရအောင် တပ်ဆင်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ တကယ်လို့ တရားမဝင် လျှပ်စစ်ဓာတ်အားစနစ်ကနေပြီးတော့မှ ဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ လျှပ်စစ်ဓာတ်အား စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ တရားမဝင်ဓာတ်အားသုံးစွဲမှုတွေ့ရင်တော့ လုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေးပြီးတော့မှ မီတာတပ်ဆင်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ပြီးတော့မှ ကွန်ဟိန်းမြို့အတွင်းမှာရှိတဲ့ လမ်းသွယ်တွေ ယာယီသွယ်တန်းထားတာရှိတယ်ဆိုရင် ဒါတွေကို ကျွန်တော်တို့ အနေနဲ့ အမြဲတမ်း စနစ်တကျ လျှပ်စစ်သွယ်တန်းခြင်းဖြစ်သွားအောင် တင်ပြစေပြီးတော့မှ ရန်ပုံငွေပေါ်မူတည်ပြီးတော့မှ ကျွန်တော်တို့ ဒီနှစ် RE အပေါ်မှာ တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီး၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဈေးပြိုင်တင်ဒါခေါ်ယူမှုမှ ပိုလျှံလာသောငွေကြေးများကို နိုင်ငံတော်ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းခြင်းရှိ/မရှိ။ တင်ဒါများခေါ်ယူရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ထည့်သွင်းကြော်ငြာခြင်းရှိ/မရှိ။ တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သောလုပ်ငန်းရှိ/မရှိ။ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ တင်ဒါခေါ်ယူတဲ့နေရာမှာ ပိုလျှံလာတဲ့ရန်ပုံငွေတွေကို အခြားလုပ်ငန်းတစ်ခု ထပ်မံဆောင်ရွက်ခွင့်ရှိ/မရှိနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းများကို မည်သည့်အဖွဲ့ဖြင့် ကြီးကြပ်စစ်ဆေးနေသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ခိုင်ဝင်းမှ မေးမြန်းထားတဲ့မေးခွန်းငါးခုနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၁)ဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဈေးပြိုင်တင်ဒါခေါ်ယူမှုမှ ပိုလျှံသောငွေကြေးများကို နိုင်ငံတော်ဘဏ္ဍာသို့ ပြန်လည်ပေးသွင်း

ခြင်းရှိ/မရှိနှင့်ပတ်သက်ပြီး တင်ပြရရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများအတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် စျေးပြိုင်တင်ဒါခေါ်ယူမှုမှ ပိုလျှံတဲ့ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအရ ပြန်လည်အပ်နှံရမှာဖြစ်ပါတယ်။ သို့သော် ဆက်စပ်လုပ်ငန်းများဆောင်ရွက်လိုပါက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနဲ့အညီ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များမှာ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းတဲ့မေးခွန်းနဲ့ အဆိုများအရလည်းကောင်း၊ ဒေသခံပြည်သူလူထုရဲ့လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း လုပ်ငန်းပြောင်းလဲဆောင်ရွက်ခွင့်ရယူ၍ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မေးခွန်း(၂)နဲ့ (၃)ဖြစ်တဲ့ တင်ဒါများခေါ်ယူရာမှာ ပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှာ ထည့်သွင်းကြော်ငြာခြင်းရှိ/မရှိ၊ တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သောလုပ်ငန်းများရှိ/မရှိနဲ့ပတ်သက်ပြီး တင်ပြရရင် တင်ဒါခေါ်ယူရာမှာ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းများအတွက် ပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ ရန်ပုံငွေပမာဏပေါ်မှာမူတည်ပြီး နိုင်ငံပိုင်သတင်းစာများဖြစ်တဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာများမှာ ထည့်သွင်းကြော်ငြာ၍ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လုပ်ငန်းတန်ဖိုး ကျပ်ငါးသန်းအောက်ဖြစ်ပါက တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ ဌာနတွင်း ဘုတ်အဖွဲ့ဖွဲ့စည်း၍ ရွေးချယ်တာဝန်ပေး ဆောင်ရွက်ရပါတယ်။ လုပ်ငန်းတန်ဖိုး ကျပ်ငါးသန်းမှ ကျပ် ၅၀ သန်းအထိ လုပ်ငန်းများကို သက်ဆိုင်ရာဌာနရဲ့ ကြော်ငြာ သင်ပုန်းများတွင်လည်းကောင်း၊ ခရိုင်ရုံးနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများရဲ့ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း နှစ်ပတ်ကြိုတင်ပြီး ကြော်ငြာကာ ဘုတ်အဖွဲ့ဖွဲ့စည်း၍ ရွေးချယ်ဆောင်ရွက်ရပါတယ်။ လုပ်ငန်းတန်ဖိုး ကျပ် ၅၀ သန်းအထက်လုပ်ငန်းများအတွက်ကိုတော့ နိုင်ငံပိုင်သတင်းစာမှာ ကြော်ငြာ၍ အနည်းဆုံးတစ်လကြိုတင် တင်ဒါခေါ်ယူ၍ ဆောင်ရွက်ရပါတယ်။ တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့တဲ့ကျပ်ငါးသန်းနဲ့အထက်လုပ်ငန်းများမရှိခဲ့ပါ။ ဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ လုပ်ငန်းများအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပစ္စည်းတင်ဒါ ကြော်ငြာခေါ်ယူရွေးချယ်ပြီး ဆောင်ရွက်ရပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(၄)ဖြစ်တဲ့ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများမှာ တင်ဒါခေါ်ယူရာမှာ ပိုလျှံတဲ့ရန်ပုံငွေများကို အခြားလုပ်ငန်းတစ်ခု ထပ်မံဆောင်ရွက်ခွင့်ရှိ/မရှိနှင့်စပ်လျဉ်းပြီး တင်ပြရရင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းများအား တင်ဒါခေါ်ယူရာမှာ ပိုလျှံတဲ့ရန်ပုံငွေများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တို့ရဲ့ အတည်ပြုချက်ရယူပြီး လုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ခွင့်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၅)ဖြစ်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်တဲ့လုပ်ငန်းများကို မည်သည့်အဖွဲ့ဖြင့် ကြီးကြပ်စစ်ဆေးပါသနည်းနဲ့ပတ်သက်ပြီး တင်ပြရရင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရမှ တာဝန်ပေးအပ်ထားတဲ့ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ ရန်ပုံငွေနဲ့ ခန့်မှန်းခြေစာရင်းများအား စစ်ဆေးအတည်ပြုပေးပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ ဦးဆောင်တဲ့ စစ်ဆေးရေးအဖွဲ့ဖြင့် လုပ်ငန်းများကို မြေပြင်ကွင်းဆင်း၍ ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။ ကျွန်တော်တို့ အခု ဖြေကြားသွားတဲ့အထဲမှာ ပြည်နယ်စိစစ်ကြီးကြပ်ရေးကော်မတီကနေ လုပ်ငန်းများကို မြေပြင်သို့ ကွင်းဆင်းစစ်ဆေးတယ်ဆိုတဲ့အချက်လည်း ပါရှိထားပါတယ်။ ကျွန်တော့်အနေနဲ့ သိရှိလိုတာကတော့ မယ်စဲ့မြို့နယ် ဘောလုံးကွင်းအသစ်ဖော်ထုတ်တဲ့နေရာမှာ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ တင်ဒါဆွဲတဲ့သူမရှိဘဲနဲ့ ကုမ္ပဏီတစ်ခုကို ဆောင်ရွက်စေခြင်းကိုသိ/မသိ။ နောက်ရှားတောမြို့နယ်မှာလည်း ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နဲ့ပဲ ကောင်းစစ်ပိုင်ကုမ္ပဏီကနေ လုပ်ငန်းများစွာရရှိထားပြီး လွယ်ကူတဲ့နေရာမှာလုပ်ပြီးတော့ ခက်ခဲတဲ့နေရာမှာ အချိန်မလုံလောက်ဘူးဆိုပြီးတော့ ပြည်နယ်အစိုးရမှ လုပ်ငန်းပြန်လည် အပ်နှံစေခြင်းကိုသိ/မသိ။ ဘောလခဲမြို့နယ်မှာလည်း ၂၀၁၄-၂၀၁၅ ဘတ်ဂျက်ဖြင့် ဂဠုန် Jade ကုမ္ပဏီကနေပြီးတော့ ကျောက်ချောလမ်းခင်းတဲ့လုပ်ငန်းကို

ယန္တရားပြည့်စုံစွာမရှိဘဲနဲ့ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ထားမှုမရှိသည်ကိုသိ/မသိ။ နောက်တစ်ခုကတော့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ဖြင့် ဒီမောဆိုမြို့နယ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကဆောင်ရွက်တဲ့ လူကတိ-ဒေါ်ရောဂူ ကျေးလက်လမ်းကို ကောင်းစစ်ပိုင်ကုမ္ပဏီကပဲ တစ်နှစ်ကျော် ယနေ့အထိတိုင် ဆောင်ရွက်ပြီးစီးမှုမရှိသေးတာကိုသိ/မသိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမမေးခွန်းကို ဖြေကြားတဲ့နေရာမှာတော့ ကျွန်တော်တို့ရဲ့ မူဝါဒကို ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို ချမှတ်ထားတဲ့ မူဝါဒများနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားသွားခြင်းဖြစ်ပါတယ်။ ယခုဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ကိစ္စများကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေက အသေးစိတ်ဆောင်ရွက်နေတဲ့ လုပ်ငန်းများဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ချက်ချင်းဖြေကြားနိုင်ခြင်းမရှိဘဲ ကျွန်တော် ဒါတွေနဲ့ပတ်သက်ပြီးတော့ ပြန်လည်စုံစမ်းမေးမြန်းပြီးတော့မှသာ တင်ပြနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခု ဦးကျော်ခိုင်ဝင်း မေးတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ သမ္မတရုံးဝန်ကြီးဌာနကလည်း မှတ်သားထားပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဖြေကြားဖို့၊ ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

**ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေးမဟာဗျူဟာလမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် အဆင့်မြှင့်တင်ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးထန်းလိန်း၊ မင်းတပ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေး မဟာဗျူဟာလမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် အဆင့်မြှင့်တင်ဖောက်

လုပ်ရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝမှ အိန္ဒိယနိုင်ငံနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အထိ အသီးသီးစီးပွားရေးမဟာဗျူဟာလမ်းအတွက် အဆင့်မြှင့်တင်ဖောက်လုပ်မယ်ဆိုရင် ပြည်တွင်းစီးပွားရေးကုန်စည်စီးဆင်းမှုသာမက နိုင်ငံတကာစီးပွားရေးကုန်စည်စီးဆင်းမှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမယ့် မော်တော်ကားလမ်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိအလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရဲ့ ၅ နိုင်ငံစီးပွားကုန်သွယ်ရေးမဟာမိတ်အဖွဲ့အစည်းဖြစ်တဲ့ BIMSTEC အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီ BIMSTEC အဖွဲ့ရဲ့ စီးပွားရေး၊ ကုန်သွယ်ရေး သွားလာရာမှာ ဗဟိုအချက်အချာအကျဆုံးလည်းဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများဟာ ပခုက္ကူမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေးအတွက် အတိုးဆုံးနှင့်အလွယ်ကူဆုံးသောကုန်သွယ်ရေးလမ်းကြောင်းကတော့ ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်လမ်းကြောင်းများပဲ ဖြစ်ပါတယ်။ ပခုက္ကူမြို့ဟာ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ကြီးများနှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများဖြင့် အဆင်ပြေစွာ ဆက်သွယ်သွားလာနိုင်တဲ့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါကြောင့် ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေးမဟာဗျူဟာလမ်းအဖြစ် အသုံးပြုနိုင်ရေးအတွက် အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထန်းလိန်းမှ ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝ (ကုလားတန်မြစ်ကြောင်းစီမံကိန်းလမ်းဆုံ)မှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေးမဟာဗျူဟာလမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် အဆင့်မြှင့်တင်ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ပိုမိုရှင်းလင်းစေရန်အတွက် ကျွန်တော့်အနေနဲ့ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကျွန်တော်တို့ ပခုက္ကူ-ပေါက်-မင်းတပ်-မတူပီ-ဆင်းလက်ဝ-ကလက်ဝ-မြိတ်ဝ ဒါအိန္ဒိယအခေါ်အဝေါ်တွေဆို လိုရင်ပွိုဖြစ်ပါတယ်။ ဒီလမ်းကြောင်းဟာ စုစုပေါင်း မိုင်ပေါင်း ၄၀၂ မိုင် ၅ ဖာလုံရှည်လျားတဲ့ လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းဟာ အိန္ဒိယနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံများကို စီးပွားရေးမဟာဗျူဟာလမ်းအဖြစ် အသုံးပြုရန် ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းမှာပါဝင်တဲ့ ပလက်ဝ ဒါဖြစ်ပါတယ်။ ပလက်ဝ-ဆင်းလက်ဝ-ကလက်ဝ ဒါတစ်ပိုင်းဖြစ်ပါတယ်။ ပြီးရင် ကလက်ဝကနေပြီးတော့ မြိတ်ဝအထိ ဒီလိုနှစ်ပိုင်းပါဝင်တာ ဖြစ်ပါတယ်။ ဒီအပိုင်းများကို ဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၂၅၇ သန်းနဲ့ အိန္ဒိယအစိုးရအကူအညီနဲ့ ဖောက်လုပ်ဖို့ လျာထားလျက်ရှိပါတယ်။

အဲ့ဒီ ပလက်ဝ-ကလက်ဝလမ်း ၃၇ မိုင် ၆ ဖာလုံ ရှည်လျားပြီးတော့ ဒီအပိုင်းကို မြန်မာနိုင်ငံ အစိုးရကဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ထို့အတူပဲ ကလက်ဝကနေပြီးတော့ မြိတ်ဝအထိကိုတော့ အိန္ဒိယ နိုင်ငံအစိုးရရဲ့ ကုမ္ပဏီများက ဆောင်ရွက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ သဘောတူထားတာ ဖြစ်ပါတယ်။ ဒီနှစ်ပိုင်းစလုံးကိုတော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ အမေရိကန်ဒေါ်လာ ၂၅၇ သန်းနဲ့ အိန္ဒိယနိုင်ငံ အစိုးရက ကုမ္ပဏီတစ်ခုဖြစ်တဲ့ MS IRCON ကုမ္ပဏီကို စီမံကိန်းအသေးစိတ်အစီရင်ခံစာ (Detail Project Report) (DPR) ကို၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှာဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အိန္ဒိယနိုင်ငံအစိုးရနဲ့ သဘောတူထားတဲ့အတိုင်း ကျွန်တော်တို့က ပလက်ဝကနေ ကလက်ဝ၊ အိန္ဒိယအစိုးရက ကလက်ဝကနေ မြိတ်ဝအထိ ဆောင်ရွက်တဲ့လုပ်ငန်းများကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေ မရရှိသေးတဲ့အတွက် လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ အကယ်၍ ရန်ပုံငွေများရရှိပါက အိန္ဒိယအစိုးရနဲ့ သဘောတူညှိနှိုင်းထားတဲ့ အတိုင်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်းတော့ မဟုတ်ဘူးပေါ့လေ။ ကျွန်တော် အနည်းငယ်တင်ပြချင်တာကတော့ ကျွန်တော်တို့ခုနက ဝန်ကြီးဖြေသွားတာကလဲ ကျွန်တော်တို့သိပါ တယ်။ ကျွန်တော်က ပလက်ဝမှာ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က ဝန်ထမ်းဖြစ်ခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းက ကုလာမတန်မြစ်ကြောင်းက ကျွန်တော်တို့သင်္ဘောနဲ့သွားရပါတယ်။ အခုတော့ ကုလားတန်မြစ်ကြောင်း

ကရေကနည်းသွားတဲ့အခါကြတော့ စက်လှေတွေနဲ့ နွေရာသီမှာတော့ တွန်းရတယ်ဆိုတဲ့ အနေအထား ထိဖြစ်သွားပါတယ်။ ကျွန်တော်အဓိက ဒီမှာတင်ပြချင်တဲ့အချက်ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အရှေ့ဘက်မှာရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့အနောက်ဘက်မှာရှိတဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ အတိုဆုံး လမ်းကြောင်းကတော့ ခုနက ကျွန်တော်တင်ပြတဲ့ လမ်းကြောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံ ရဲ့ဗဟိုအချက်အချာကြတဲ့ မန္တလေးကိုဖြတ်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ရှမ်းပြည်နယ်၊ နောက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်ကိုဖြတ်ပြီးတော့ သွားမည့်လမ်းကြောင်းက အခုကျွန်တော် တင်ပြတဲ့လမ်းကြောင်းဖြစ်ပါတယ်။ လမ်းတွေလည်း ပခုက္ကူတံတားကြီးလည်း ပြီးသွား ပြီ။ အုန်းတော-ရေပြားတံတားလည်းဖြစ်ပြီးတော့ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ ဒီဘက်အခြမ်း တွေကို တော်တော်များများလုပ်ပေးတဲ့အတွက် ဒီလမ်းတွေအတွက် နိုင်ငံတော်က ကုန်ကျခဲ့တဲ့ဟာတွေ က ပြန်ရဖို့ကတော့ စီးပွားရေးလမ်းကြောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ နောင်လာမယ့်အချိန်မှာ မဖြစ်ဖြစ်အောင် ဒီလမ်းကို ဖောက်ပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးကိုဖြစ်ထွန်းစေမည့် လမ်းကြောင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်ပြည်သူလူထုကိုယ်စား တင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ရုပ်သိမ်းရန် တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ဖြစ်သော ၁၇-၃-၂၀၁၄ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနကတင်သွင်းခဲ့သော အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းကို ရုပ်သိမ်းရန် တင်ပြလာပါတယ်။ ရုပ်သိမ်းရန်တင်ပြဖို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းရေးဆောင်ရွက်တဲ့အခါမှာ နိုင်ငံပိုင်မီဒီယာများကို ကျွန်တော်တို့ အများပြည်သူဝန်ဆောင်မှုမီဒီယာများအဖြစ် ပြောင်းလဲနိုင်ဖို့အတွက် ပြင်ဆင်မှုများလုပ်ခဲ့ပါတယ်။ အကျဉ်းချုပ်ပြန်တင်ပြရရင် ၂၀၁၂ ခုနှစ် ဇွန်လမှာ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များပါတဲ့အဖွဲ့ဟာ ဥရောပ(၄)နိုင်ငံမှာ ကျွန်တော်တို့ သွားရောက်ပြီးတော့ လေ့လာမှုပြုလုပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ ရန်ကုန်မြို့မှာ နိုင်ငံတကာအများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ Conference တစ်ရပ်ကို ကျွန်တော်တို့ကျင်းပခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကော်မတီများကို အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ရှင်းလင်းတင်ပြမှုများလုပ်ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ အစိုးရအဖွဲ့ရဲ့သဘောတူညီချက်နဲ့ ကျွန်တော်တို့ UNESCO နဲ့ပူးပေါင်းပြီးတော့မှ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ကျွန်တော်တို့ရေးဆွဲခဲ့ပြီး လွှတ်တော်ကိုတင်ပြခဲ့ပါတယ်။ ဒါပေမယ့် အဲ့လိုတင်ပြပြီးတဲ့အချိန်မှာ အများပြည်သူတို့သိရှိနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးခဲ့ပါတယ်။ အဲဒီလိုဖော်ပြပြီးနောက်ပိုင်းမှာ ရရှိလာတဲ့ စာနယ်ဇင်းလောကအပါအဝင် အများပြည်သူများရဲ့ အကြံပြုချက်များအရလည်းကောင်း၊ အခု နောင်မှာပေါ်ပေါက်လာမယ့် ရုပ်မြင်သံကြားနှင့်အသံလွှင့်ခြင်းဆိုင်ရာဥပဒေရဲ့အပေါ်မှာ မူတည်ပြီးတော့လည်းကောင်း၊ နောက် ပြောင်းလဲလာနေတဲ့ မီဒီယာပတ်ဝန်းကျင်အခြေအနေများကြောင့်လည်းကောင်း၊ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းမှာပါဝင်တဲ့အချက်များကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ ပြန်လည်ရုပ်သိမ်းပြီးတော့မှ ပိုမိုပြည့်စုံတဲ့ဥပဒေကြမ်းတစ်ခုအဖြစ်နဲ့ ပြန်လည်တိုင်ပင်ရေးဆွဲခွင့်ပြုဖို့အတွက် အလေးအနက်ထားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့တင်ပြချက်အပေါ် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ပြန်ကြားရေးဝန်ကြီးတင်ပြသွားတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာအကြောင်းကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီမှာ ပြန်လည်စဉ်းစားသုံးသပ်တဲ့အခါမှာ ပြင်ပကနေ တင်ပြလာတဲ့ အကြံဉာဏ်ပြုချက်များအရလည်းကောင်း၊ ထပ်မံပြီးတော့မှ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာတဲ့ ရုပ်မြင်သံကြားဥပဒေများနဲ့လည်း ဆက်စပ်နေတဲ့အတွက် ရုပ်မြင်သံကြားဥပဒေကို ဆွေးနွေးပြီးတဲ့အချိန်ကျမှသာလျှင် ဒီအများပြည်သူဝန်ဆောင်မှုဥပဒေကြမ်းကို ထပ်မံ၍ပြင်ဆင်သင့်ကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ရုပ်သိမ်းတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ ရုပ်သိမ်းရန် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်သိမ်းရန်တင်ပြခဲ့တဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းအားရုပ်သိမ်းရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကတင်သွင်းခဲ့တဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ရုပ်သိမ်းရန် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀) ရက်မြောက်နေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

အချိန်၊ ၁၁း၀၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]